SAMPLE BOOK

# မာရီယာ

ဂျူး



mgyoe.com

mgyoe.com

SAMPLE BOOK



ဟရိယာ-လှူငါ၊ ၃၀၀၀ ကျပ်

2542979031343

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ်၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ။ |
| ထုတ်ဝေသူ | - | တောင်ဇလပ်နီ စာပေ (၀၂၇၇၄) |
| ပုံနှိပ်သူ | - | ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆) အမှတ် (၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပန်းချီ | - | မာဏ |
| အတွင်းအပြင်အဆင် | - | ပုံရိပ်ရှင် |
| စာစစ် | - | ဇလပ်နီ |
| စာအုပ်ချုပ် | - | ဖူးပွင့်မွေး |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၃၀၀၀ ကျပ် |

၈၀၈.၈၄
လူစါး
မာရီယာ၊ လူစါး၊ - ရန်ကုန်။
ဇလပ်နီစာပေတိုက်၊ ၂၀၂၁။
စာ-၁၁၂၊ ၁၃.၉ × ၂၀.၇ စင်တီ
(၁) မာရီယာ


mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

(၁)

တိုကျိုမြို့ရဲ့ စနေနေ့ည မီးရောင်က ဝင်းထိန်နေတဲ့အထိ လင်းနေတာမျိုး မဟုတ်။ ရမ္မက်ဇောအဟုန်နဲ့ ရောက်လာကြတဲ့ ပုရိသအပေါင်းကို ဒီအရပ် ဒီဆိပ်ကမ်းကနေ မခွာနိုင်အောင် ညှို့ထားသလိုမျိုး အဝါဖျော့ဖျော့ အရောင်သာ ဖြစ်တယ်။ အဲဒီ အဝါရောင် ဖျော့ဖျော့က မြို့လယ်လမ်းမကျယ်ကြီးပေါ်မှာ သွားလာနေကြတဲ့ လူတွေ၊ ကားတွေအပေါ်မှာ ပျော်စရာ အတိပြီးတဲ့ နိဗ္ဗာန်နဲ့ ထင်မှတ်မှားလောက်အောင် ဖမ်းစားနေခဲ့တာမျိုး။ တကာဒနိုဘာဘာဘူတာကို အဝင်



mgyoe.com

mgyoe.com SAMPLE BOOK

အထွက် လုပ်နေတဲ့ ရထားသံတွေက ဘူတာနား တဝိုက်မှာ တဒုန်းဒုန်းနဲ့ ဆူညံပွက်နေတယ်။ လမ်းမကျယ်ကြီးကို ကျော်ပြီး ဆောက်ထားတဲ့ တံတားကြီးက ရထားတစင်း ဖြတ်ဖြတ်သွားလိုက်တိုင်း မခံရပ်နိုင်သလိုမျိုး နာနာကျင်ကျင် ထထအော်နေတတ်တယ်။

ဘူတာရဲ့ ရှေ့မျက်နှာစာဘက် တံတားအောက်မှာ ဆေးလိပ်မသောက်ရ သတိပေးဆိုင်းဘုတ်ကို နားမလည်ဘဲ ဆေးလိပ်သောက်နေတဲ့ နိုင်ငံခြားသား နှစ်ယောက်ကို ရဲက ရစ်နေတယ်။ မီးပွိုင့်မှာတော့ ဆေးရောင်စုံ ဖိုမသတ္တဝါတွေက နီနေတဲ့မီးကို စိတ်မရှည်သလိုမျိုးနဲ့ စောင့်လို့။ လေဟာ တွေ့သမျှ အရာဝတ္ထုတိုင်းကို ကျီစယ် နောက်ပြောင်ရင်း ဘူတာရှေ့မှာ ဝဲနေတယ်။

BIG BOX ရှေ့က နေရာလို့ နိုင်ငံခြားသားတွေ အလွယ်တကူ ခေါ်ဝေါ် သုံးစွဲလေ့ရှိတဲ့ ဒီနေရာဟာ တိုကျိုတမြို့လုံးမှာတော့ အလှဆုံးပဲ။

အထူးသဖြင့် ခုလို စနေညမျိုးမှာဆို ပိုလို့လှတာပေါ့။ နေရာလေးက ရောက်ဖူးတဲ့ လူတိုင်း စွဲလမ်းချစ်မက်စိတ် ဖြစ်ဖြစ်သွားတတ်တဲ့ နေရာမျိုး။ နေရာက ပေငါးဆယ် ပတ်လည်လောက်ကျယ်တဲ့ ကွက်လပ်လေးတခု လောက်ပဲ။ ကွက်လပ်ရဲ့ ဘေးမှာ နိုင်ငံခြားသားတွေ အလွယ်ခေါ်ကြတဲ့ ဘာဘာဘူတာ။

နောက်မှာက တိုကျိုမှာ နေတဲ့လူတိုင်း သိတဲ့ မော့ကြည့်ဖူးတဲ့ BIG BOX ကုန်တိုက်ကြီး။ အပြာရောင်ဆေးသားပေါ်မှာ အဖြူရောင်စာလုံးနဲ့။ BIG BOX ဆိုတဲ့ စာသားရဲ့အောက်မှာ ကိုကာကိုလာ အအေးပုလင်း ကြော်ငြာ။

ကွက်လပ်ရဲ့ ရှေ့မှာက လမ်းမကျယ်ကြီး ရှိပြီး လမ်းရဲ့ အခြားတဖက်မှာ နှစ်ဆယ့်လေးနာရီဖွင့်တဲ့ ကွန်ဘီးနီးရန့်စတိုးဆိုင်တွေ ရှိတယ်။ Mc Donald's ဆိုင်နဲ့ လူဆယ်ယောက်လောက်ပဲ ထိုင်စားလို့ ရတဲ့ နာမည်ကြီး ခေါက်ဆွဲဆိုင် တဆိုင်ရယ်၊ စီးပွားရေးသမားတွေ အလုပ်ကိစ္စအတွက် တွေ့ဆုံလေ့ရှိတတ်ကြတဲ့ ဆိတ်ငြိမ်သပ်ရပ်တဲ့ ကော်ဖီဆိုင် တဆိုင်ရယ်လည်း ရှိသေးတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

တိုကျိုမြို့ထဲက ဒီနေရာလေးကို အခုလို ညမျိုးမှာ တယောက်တည်း ရောက်လာမိရင် အသားတွေ ယားယံလာလိမ့်မယ်။ သွေးတွေ ဆူပွက်လာလိမ့်မယ်။ ဖုထစ်နေတဲ့ တင်ပါးလုံးလုံးကလေးတွေကို ဖုံးမိရုံသာ အုပ်ထားတဲ့ စကတ်တိုတိုလေးတွေကို မဝတ်ချင် ဝတ်ချင်နဲ့ ဝတ်ထားတတ်တဲ့ ခြေသလုံး ဖြူဖြူနဲ့ ဂျပန်မ၊ တရုတ်မ၊ ကိုရီးယားမလေးတွေကို ပြေးဖမ်းကိုက်ချင်လာသယောင် စိတ်က မရိုးမရွ ဖြစ်လာလိမ့်မယ်။ ဘယ်ကို သွားချင်သလဲ၊ ဒီနေရာလေးကနေ တာထွက်ခရီးကို စလိုက်ရုံပဲ။

အချိုလား။

အချဉ်လား။

အခါးလား။

ရထားနဲ့ သုံးလေးဘူတာ စီးသွားရုံနဲ့ နိဗ္ဗာန်ရောက်နိုင်သလို လမ်းလေး ဆယ့်လေးငါးမိနစ်လောက် လျှောက်ရုံနဲ့လည်း လေဟာနယ်ထဲ ရွက်လွှင့်လို့ ရတယ်။ တိုကျိုဟာ ပိုက်ဆံရှိတဲ့ လူတွေအတွက်တော့ အာလာဒင်ရဲ့ မီးခွက်ပဲ။

အဖော် မပါဘူးလား။ ဂျပန်အမျိုးသမီး ချောချောလေးတွေ ရောင်းနေတဲ့ ကွန်ဘီးနီးရန့် စတိုးဆိုင်ထဲ မျက်နှာအောက်ချပြီး ဝင်ဝယ်စရာ မလိုဘူး။

တကာဒနိဘာဘာ ဘူတာနဲ့ မျက်နှာချင်းဆိုင်မှာ ရှိတဲ့ 'စကာအဲဗိုလိ' လမ်းထဲက ကော်ဖီစက်ဘေးမှာ ယန်းငါးရာ ထည့်လိုက်ရင် Made in Japan စစ်စစ် အမွှေးနံ့မျိုးစုံနဲ့ ကြမ်းချင်သလောက်ကြမ်း ဆိုတဲ့ အဖော်စစ်စစ်တွေ ရနိုင်တယ်။

ဒီကွက်လပ်ကလေးက တိုကျိုတဝိုက်မှာတော့ လူတိုင်းပါးစပ်ဖျား ရေပန်းအစားဆုံး နေရာလေးပဲ။ လူတယောက်ဟာ သေလောက်အောင် ညစ်နေပါစေ ဒီကွက်လပ်ကလေးထဲ ရောက်တာနဲ့ စိတ်နဲ့ ကိုယ်နဲ့ မကပ်တော့ဘူးတွေ ဘာတွေ ဖြစ်သွားမယ်။

'ဝါဆဲဒ' တက္ကသိုလ်ကနေ လွင့်လွင့်လာတတ်တဲ့ ဖုဖုအုအုလေးတွေက ဒီနေရာမှာ ရွက်ကျပင်ပေါက်ကလေးတွေလို တို့ကနန်း ဆိတ်ကနန်း



mgyoe.com

mgyoe.com SAMPLE BOOK
လုပ်လို့ ရသေးတာကလား။ အဖော်မဲ့ ငှက်လေးတွေလို အဆင်ပြေရင် အိမ်ကို ပင့်သွားလို့ ရတတ်သေးတယ်။

နေလေး ညိုလာပြီဆို ဘီယာဘူး လေးတွေကိုင်ပြီး တယောက်စ နှစ်ယောက်စ ရောက်လာကြပြီ။ နည်းနည်း အလင်းလေး ပျောက် မီးရောင်လေး လက်လာတာနဲ့ ခွာရပ်နေတဲ့ လူတွေက ပူးကုန်ကြပြီ။ အထီး ကျန်သူဟာ အဖော်တယောက်တော့ ရှာလို့ ရသွားတတ်ပြီ။

ဒီကွက်လပ်ကလေးဟာ ညနေ ရောက်တာနဲ့ အရွယ်စုံ၊ ဆိုဒ်စုံ၊ ရနံ့စုံ ပွင့်နေတဲ့ အင်တာနေရှယ်နယ် ပန်းခင်း တခင်းဘဝကို အသွင်ပြောင်းသွားတော့ တာပဲ။ တိုကျိုရောက်ပြီးလို့မှ ဒီနေရာလေးရဲ့ ပြင်းပြတဲ့ ရနံ့မျိုးစုံတို့ကို မရှူရှိုက်ဖူးရင် အဲဒီ လူဟာ လူဖြစ်ရကျိုး မနပ်ဖူးလို့တောင် အပြောခံရနိုင်တယ်။

ဒီနေရာလေးကနေ ရထားနဲ့ သွား လို့ သိပ်မဝေးတဲ့ ရှီဘုယတို့၊ ရွက်ပုန်းဂိတို့ ဆိုတဲ့ နေရာတွေမှာ စနေနေ့ညတိုင်း သမင်ပျိုမလေးတွေနဲ့ အသားစားကျားတွေ ကို တွေ့ဆုံပေးတတ်တဲ့ သူတော်ကောင်း နိုက်ကလပ်တွေက အိပ်နေတဲ့ မြွေဆိုးတွေ နိုးလာသလို လူးလွန့် လှုပ်ခတ် ထလာလေ့ ရှိတတ်သေးတယ်။ ကျန်တဲ့ရက်တွေမှာ လည်း ရှိပေမယ့် ခုလို စနေညတွေဆို


mgyoe.com

mgyoe.com

SAMPLE BOOK

အဲဒီရပ်ကွက်တွေရဲ့ လမ်းမထက်ဆီမှာ လူး
လာခေါက်လွန့်ပြုရင်း စားကျက် ရှာနေ
တတ်တဲ့ ကျားတွေက ပိုပြီး များတယ်။
သွားရည်တမြားမြားနဲ့ ကျားတွေကို
မကြောက်မရွံ့ ညှို့ငင်ဈေးခေါ်နေတတ်တဲ့
သမင်ပျိုလေးတွေကလည်း ခုလို စနေည
တွေဆို နောက်နေ့ မနက်ရောက်တာနဲ့
ကြွေကျရတော့မယ့် ပန်းတွေလို စိတ်ရှိ
လက်ရှိ အစွမ်းကုန် လှပနေတတ်ကြတယ်။

အချိန်က ည ဆယ်နာရီကျော်
ခဲ့ပြီ။ ကိုက်တရာလောက်အကွာမှာ ရှိတဲ့
လူကို မသဲမကွဲပဲ မြင်ရပြီး အဲဒီလူကို ပိုပြီး
လှနေသယောင်၊ ပိုပြီး နုပျိုနေသယောင်
ထင်နေစေတတ်တဲ့ မာကျူရီမီးရောင်
အောက်က ပလက်ဖောင်းပေါ်မှာ ကျော်ကျော်
တယောက်တည်း စီးကရက်တလိပ်ကို
ဖွာရင်း ရပ်နေတယ်။ ကျော်ကျော်နဲ့ မျက်နှာ
ချင်းဆိုင်မှာ BIG BOX ကုန်တိုက်ကြီးက
အနီရောင်မီးတွေနဲ့ လှလို့။

ကုန်တိုက်ရှေ့က ကွက်လပ်ထဲမှာ
အတွဲတွေဟာ သူ့အတွဲနဲ့သူ ဘီယာဘူး
လေးတွေ ကိုယ်စီကိုင်လို့။ တီတီတာတာ၊
တို့တို့ထိထိ။ စီးကရက်တွေ ရှိုက်လို့။ လွတ်
လွတ်လပ်လပ် ရယ်မောလို့။ ဒီနေရာလေး
ကို မလာခင်က ရဲဆေးအဖြစ် ကျော်ကျော်
သောက်လာခဲ့တဲ့ အယ်ကိုဟောလ် ငါး
ရာခိုင်နှုန်းပါတဲ့ 'အဆာဟိ' ဘီယာ အဖြူ



mgyoe.com

mgyoe.com SAMPLE BOOK
ရောင် လေးဘူးရဲ့ အရှိန်က ဒီနေရာလေးက အလှအပတွေကို မြင်လိုက်တာနဲ့ မီးခိုးငွေ့နဲ့အတူ လွင့်သွားတော့တာပဲ။

စီးကရက်ကို ရှိုက်ရင်း သူနဲ့အတူ လာခဲ့ကြတဲ့ အဖော်နှစ်ယောက်ကို ပြန်သတိရမိပြီး ကျော်ကျော် တချက် ပြုံးဖြစ်လိုက်တယ်။ ဒီနေရာလေးကို ကျော်ကျော်ရယ်၊ ကိုငယ်ရယ်၊ ဝင်းထိုက်ရယ် သုံးယောက်အတူ လာခဲ့ကြတာ။ သူတို့သုံးယောက်က ရှင်းဂျူခုက ခေါက်ဆွဲဆိုင်တဆိုင်မှာ အလုပ်အတူ လုပ်ကြပြီး နေတော့လည်း တအိမ်တည်းမှာ အတူနေကြတာ။ ဘယ်သွားသွား အတူတူ ဆိုပေမယ့် ခုညတော့ ကျော်ကျော် လမ်းခွဲ ထွက်လာခဲ့တယ်။ ဟိုနှစ်ယောက်ကတော့ အခုဆိုရင် ရှီဘုယက 'ဘိ' ဆိုင်တဆိုင်မှာ တရုတ်မ ချောချောလေးတွေနဲ့ သူတင်ကိုယ်တင် ချစ်ပွဲဝင်နေကြရောပေါ့။

အစကတော့ အဲဒီနေရာကို ကျော်ကျော်လည်း အတူလိုက်သွား ခဲ့သေးတယ်။ အဲဒီနေရာက အခု ကျော်ကျော် ရှိနေတဲ့ တကာဒနိဘာဘာ ဘူတာနေရာနဲ့ သိပ်မဝေးတဲ့ ရပ်ကွက်တခုပဲ။ ယမနိုတယ်ရထားလိုင်းကို စီးသွားရင် ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ပဲ။ ဒါပေမဲ့ အဲဒီနေရာကို ကျော်ကျော် ထပ်မသွားချင်တော့ဘူး။ မသွားချင်တော့ဘူး ဆိုတာထက် အစကတည်းက စိတ်မပါလို့ကို ကျော်ကျော် ကျောခိုင်း ပြန်လှည့်လာခဲ့တာ။

"အဲချိန အိုမိစဲ..၊ အဲချိန အိုမိစဲ"

ကိုငယ်ဟာ ညနေလေးနာရီလောက် ဆိုင်သိမ်းချိန်နီးကတည်းက ဟိုအတန်းကို ဆိုင်ခေါင်း မကြားအောင် တတွတ်တွတ် ပြောနေခဲ့တယ်။ ဒါကို ကျော်ကျော်နဲ့ ဝင်းထိုက်က ကြားပေမယ့် မသိချင်ယောင်ဆောင်ရင်း ကျိတ် ပြုံးနေခဲ့ကြရတာ။

"မင်းတို့ ကောင်တွေကလည်း ယောကျ်ားတွေ မဟုတ်ဘူးလား။ အတွေ့အကြုံ ရအောင် လိုက်ခဲ့"

အိမ်ရောက်လို့ ရေမိုးချိုးပြီးတာနဲ့ ကိုငယ်က မခံချင်အောင် ထပ်ပြောလိုက်၊ ထပ်ခေါ်လိုက် လုပ်နေတာနဲ့ ရဲဆေးတင်ပြီး ကျော်ကျော်ရော၊ ဝင်းထိုက်ရော ထလိုက်လာခဲ့ကြတာ။ ကိုငယ်က တိုကျိုတပိုက်က 'ဘိ'တွေကို မကြာခဏ သွားဖူးတဲ့သူ ဖြစ်ပေမယ့် ဝင်းထိုက်နဲ့ ကျော်ကျော်က တကြိမ်


mgyoe.com

mgyoe.com SAMPLE BOOK

တခါမှ မသွားဖူးကြသေးဘူး။ ကိုယ်က ဂျပန်ကို စောရောက်နေတဲ့သူ ဖြစ်နေတာကြောင့်လည်း ပါမယ်။ တိုကျိုအနီးတဝိုက်ဆို အပ်ကျတာကအစ သိနေတတ်တယ်။

ကျော်ကျော်နဲ့ ဝင်းထိုက်ကတော့ အသက်တွေကသာ နှစ်ဆယ် ကျော်ကျော်တွေ ဖြစ်ပေမယ့် သူတို့နှစ်ယောက်စလုံး ဒီကိစ္စမှာ အတွေ့အကြုံ တခါမှ မရှိကြဖူးဘူး။

"ခိုးစားတာမှ မဟုတ်ဘဲကွာ၊ သူတို့ ရောင်းလို့ ကိုယ်က ဝယ်စား တာပဲ။ ယူတတ်ရင် ကုသိုလ်တောင် ရသေး၊ မြန်မာပြည် မဟုတ်ဘူး ဘော်ဒါတို့ရေ။ စိတ်ရှိတိုင်း ဖွင့်ထုတ်လို့ ရတဲ့ နိုင်ငံပဟ။ 'ဒိုခနဲ-ပိုက်ဆံ' တော့ ရှိရတာပေ့ါ... ဟား... ဟား..."

သုံးခွန်းပြည့်အောင် မခေါ်ရခင်မှာပဲ ကျော်ကျော်နဲ့ ဝင်းထိုက်လည်း ကိုယ် ခေါ်တဲ့နောက်ကို ကောက်ကောက်ပါအောင် လိုက်လာမိကြတော့ တယ်။

သွားနေကျ ကိုယ်တော့ မသိဘူး။ ကျော်ကျော်ကတော့ အဲဒီ ပတ်ဝန်းကျင်ကို ရောက်တာနဲ့ အနံ့အသက်ကအစ ပြောင်းလဲလာ သလို ခံစားမိတယ်။ 'ဘိ' တွေ ရှိတာ ဒီနေရာပဲလို့ ကိုယ်ပြောတဲ့ လမ်းကြားလေး တခုလုံးမှာ လှုပ်ရှားသွားလာနေတဲ့ လူအကုန်နီးပါးဟာ အသားစား ကျား တွေမှန်း ခြေလှမ်းတွေကို မြင်တာနဲ့ သိနိုင်တာမျိုး။

'ဘိ'နေရာ မရောက်ခင်မှာပဲ အသက်ခြောက်ဆယ်လောက် ဂျပန် အဘိုးကြီးတယောက်နဲ့ အသက်လေးဆယ်လောက် တရုတ်အမျိုးသမီးကြီး တယောက်က သူတို့သုံးယောက်ရဲ့ အနားကို ကပ်လာကြတယ်။

"အာ စိုး ဘိ လား။ အာ စိုး ဘိ-အလည် သွားမလား အလည်"



mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်က 'ဟိုက်' လို့ ဖြေရင်း 'ဘာလူမျိုးတွေ ရှိလဲ' လို့ ကောက်ကာ ငင်ကာ မေးလိုက်တော့ တရုတ်အမျိုး သမီးကြီးက ဖုန်းနဲ့ တနေရာရာကို လှမ်း မေးတယ်။

"ဂျပန်မ နှစ်ယောက်ရှိတာက မအားသေးဘူး။ စောင့်ရဦးမယ်။ ခု လောလောဆယ် တရုတ်မရယ်၊ ထိုင်းမရယ် ရှိတယ်။ သွားမလား"

တရုတ် အမျိုးသမီးကြီးက ပြော လာတော့ ကိုယ်က ကျော်ကျော်နဲ့ ဝင်းထိုက်ဘက်ကို လှည့်လာပြီး မေးတယ်။

"ဘယ်လိုလဲ...၊ ထိုင်းနဲ့ တရုတ်ပဲ အားတယ်တဲ့။ သွားမလား"

"သွားမယ်လေ"

ဝင်းထိုက်က ဖြေလိုက်တော့ ကိုယ်က ကျော်ကျော့်ကို မေးငေ့ါပြီး 'မင်း ရော' ဆိုတဲ့ အဓိပ္ပာယ်နဲ့ မေးတယ်။

"သွားမယ်လေ၊ ရောက်လာ ပြီးမှတော့"

"အိုကေ။ လာ... သွားကြစို့"

သွားမယ်လို့ အဖြေပေးလိုက် တော့ ဂျပန်အဘိုးကြီးက ကျော်ကျော်တို့ သုံးယောက်ကို သူ့နောက်က လိုက်ခဲ့ဆိုပြီး ရှေ့ကနေ သွားတာနဲ့ သူတို့သုံးယောက် လည်း နောက်ကနေ လိုက်ခဲ့ကြရတယ်။ အဆောင်က ဘူတာနဲ့ သိပ်မဝေးဘူး။


mgyoe.com

mgyoe.com SAMPLE BOOK

ကိုက်တရာလောက် လျှောက်လိုက်တာနဲ့ ရောက်တယ်။ အဆောင်က နှစ်ထပ်ဆောင်။ အောက်ကနေ ဘာအသံမှ မကြားရဘူး။ အဆောင်အောက်မှာ သော့ခတ်ထားတဲ့ ခြံတံခါးတခု တွေ့ရပြီး သူတို့ရောက်လာမှ အသင့်ရှိနေတဲ့ ကွဲနေတဲ့ ဂျပန်ဘိုးတော်တယောက်က ခြံတံခါးလာဖွင့်ပေးတယ်။ အဆောင်ရဲ့ ကားပါကင်မှာ ကားတွေက အပြည့်။

အပေါ်ထပ်ကို ရောက်ပြီး အဆောင်တံခါးကို ဖွင့်လိုက်တာနဲ့ ပြာလက်လက် မီးရောင်အောက်မှာ အရင်ဆုံး တွေ့လိုက်ရတာက ဧည့်ခန်း။ ဧည့်ခန်းထဲမှာက လူငါးယောက်လောက် ထိုင်နိုင်တဲ့ ချောကလက်ရောင် ဆိုဖာကြီးတခု။

ဆိုဖာရဲ့နောက်ကျောမှီတဲ့ နေရာတွေမှာက အရောင်လွင့်ပြီး ဖြူနေကြပြီ။ ဆိုဖာရဲ့ ရှေ့မှာ မွဲညစ်နေတဲ့ စားပွဲတလုံးရှိပြီး စားပွဲပေါ်မှာက စာအုပ်အထပ်တထပ်ရယ်၊ ဆေးလိပ်ပြာခွက် တခွက်ရယ် ရှိတယ်။

ဆေးလိပ်ပြာခွက်ထဲမှာ တချို့က လတ်ဆတ် လှပခဲ့ဖူးဟန်ရှိတဲ့ ဆေးလိပ်တွေက တိုလိပ်တွန့်ကြေ ပျက်စီး။

"ခဏ ထိုင်နေကြဦးနော်။ ပြီးရင် အထဲကနေ လာခေါ်လိမ့်မယ်"

"ဟိုက်"



mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်က 'ဟုတ်ကဲ့' လို့ ပြောလိုက်ရင်း ဂျပန်အမျိုးသမီးတယောက်ရဲ့ ဝတ်လစ်စလစ်ပုံကို မျက်နှာဖုံးလုပ်ထားတဲ့ မဂ္ဂဇင်းစာအုပ် တအုပ်ကို လှန်လှောနေတယ်။

ဝင်းထိုက်က ဆေးလိပ်တလိပ်ကို မီးညှိပြီး ဖွာနေသယောင် ပြုနေပေမယ့် ဝင်းထိုက် အာရုံတွေက ဆေးလိပ်ထဲမှာ ရှိမနေဘဲ တဖက်အခန်းထဲကနေ ထွက်လာနေတဲ့ ညည်းညူသံတွေဆီမှာ ရောက်နေတယ်။

တဖက်ခန်းက အသံတွေက ကျော်ကျော်ရဲ့ နားထဲကနေ ဝင်ပြီး နှလုံးသားကို ပွတ်ခြွေနေသလိုမျိုး။ သွေးတွေ ဆူပွက်။

"ကဲ... ဝင်လို့ ရပြီ"

အမှတ်တမဲ့ ထွက်ပေါ်တဲ့ အသံနဲ့အတူ အသက်လေးဆယ်လောက် ဂျပန်အမျိုးသမီးတယောက်က သူတို့ထိုင်နေတဲ့ အနားကို ရောက်လာတယ်။

"လာ... ဟော့ကောင်တွေ"

ကိုယ်က ကျော်ကျော်တို့ နှစ်ယောက်ကို ခေါ်ပြီး ရှေ့ကနေ ဝင်သွားတာမို့ ကျော်ကျော်နဲ့ ဝင်းထိုက်လည်း ဂျပန်အမျိုးသမီးကြီး ဖွင့်ပေးတဲ့ တံခါးကနေ တဆင့် အဆောင်ရဲ့ အတွင်းခန်းဘက်ဆီကို ဝင်ခဲ့လိုက်ကြတယ်။

အဆောင်ထဲမှာ မီးက ပိုပြီးတော့တောင် မှိန်ဖျော့နေသေးတယ်။ လူတယောက်နဲ့တယောက်ကို သေချာ စူးစိုက်ကြည့်မှသာ မြင်ရတဲ့ အခြေအနေမျိုး။

စုစုပေါင်း အခန်းဆယ်ခန်း ရှိပြီး အခန်းတိုင်းကို အဖြူရောင် ခန်းဆီးစတွေနဲ့ ကာထားတယ်။ ဧည့်သည် လွတ်နေတဲ့ အခန်းတွေမှာ ခန်းဆီးစတွေက တဝက်ပဲ ကာထားပြီး ဧည့်သည် ရှိနေတဲ့ အခန်းတွေမှာ ကျတော့ အပြည့် ကာထားတယ်။ ဧည့်သည် ရှိနေတဲ့ အခန်းထဲက ညည်းညူကုပ်ခြစ်သံ၊ အော်ဟစ်သံတွေကို အခန်းအပြင်ကနေ ကြားနေရတယ်။

ကျော်ကျော်တယောက် ရေဆာလာသလိုလို၊ မောလာသလိုလို လည်ချောင်းတွေ ခြောက်ကပ်လာပြီး ခြေတွေ၊ လက်တွေ တင်းလာတယ်။ ကိုယ်က အတွေ့အကြုံ ရင့်ကျက်တဲ့ ကမ္ဘာကျော် ဆပ်ကပ်အဖွဲ့တဖွဲ့ထဲက မားပေါက်သမားတယောက်လို တည်တည်ငြိမ်ငြိမ်။



mgyoe.com

mgyoe.com
SAMPLE BOOK

ဝင်းထိုက်ကတော့ မကြာခင် ကွင်းအတွင်း ဝင်ကစားရတော့မယ့် အရံဘောလုံးသမားတယောက်ရဲ့ ရင်ခုန်မှုမျိုးနဲ့။

ခန်းဆီးစ တဝက်လှပ်ထားတဲ့ အခန်းတိုင်းကို ကျော်ကျော်တို့ သုံးယောက် အတူလိုက်ကြည့်ပြီး လူရွေးကြရတယ်။

အခန်းထဲမှာ နတ်သမီး တပါးစီက ဆွဲပြီးစ ပန်းချီကားလို ညို့ငင် နေကြတယ်။

နတ်သမီးတိုင်းမှာ တောက်ပတဲ့ မျက်ဝန်းတစုံစီ ပိုင်ဆိုင်ထားကြ တယ်။

လှတယ်။

တင်းတင်းရင်းရင်း ရှိတယ်။

အချိုးအဆစ်တွေက ရေဆေးထားတဲ့ ဆယ်လ်မွန်ငါးတွေလို သွားရည်တွေ ဘာတွေ ကျချင်စရာ။

နတ်သမီးလေးတွေက ချိုသာတဲ့ အပြုံးတွေကို ပေါ်ပေါ်သီသီ ပစ်လွှတ်ထားကြပြီး သူတို့ရဲ့ ခန္ဓာကိုယ်လေးတွေကို အနှမြောမရှိ လူးလွန့်ပြ နေကြသေးတယ်။

အခန်းတိုင်းရဲ့ အနံ့ဟာ အီစိမ့်။

"ဝင်မှာလား"

သူတို့ကို အတွင်းဖက် လိုက်ပို့တဲ့ ဂျပန်အမျိုးသမီးကြီးက မေးလိုက်တော့ ကိုငယ်က ယန်းတသောင်းကို ရှုပ်ခနဲ ထုတ်ပေးခဲ့ပြီး သူ ရွေးထားတဲ့ နတ်မိမယ်လေးရဲ့ အခန်းထဲကို ရန်သူကို အဆုံးသတ်ပေးရမယ့် စစ်သူကြီးတယောက်ရဲ့ ယုံကြည်မှုမျိုးနဲ့ ဝင်သွားတော့တယ်။

"မိနစ်ငါးဆယ်ပဲနော်"


mgyoe.com

mgyoe.com SAMPLE BOOK

ဂျပန်အမျိုးသမီးကြီးက ကိုယ့်ကို လှမ်းအော်လိုက်ပေမယ့် ကိုယ်က လှည့်တောင် မကြည့်။

အခန်းရဲ့ ခန်းဆီးစကို အလောတကြီး ဆွဲပိတ်ပစ်လိုက်တယ်။

"မင်းတို့ နှစ်ယောက်ကရော… မဝင်ဘူးလား"

ဂျပန်အမျိုးသမီးကြီးက ကိုယ့်ကို ငေးနေတဲ့ ကျော်ကျော်တို့ နှစ်ယောက်ကို မေးလိုက်တော့ ကျော်ကျော်နဲ့ ဝင်းထိုက်တို့ နှစ်ယောက် ရုတ်တရက် ဘာဖြေရမှန်း မသိဘူး။ ဂျပန်အမျိုးသမီးကြီးကိုပဲ ပြန်ပြီး ငေးနေကြတယ်။

"မဝင်ဘူးလားလို့… မဝင်ရင် ပြန်။ နောက်မှာ ဧည့်သည်တွေ ရှိတယ်"

ဂျပန်အမျိုးသမီးကြီးက ပြောလိုက်ရင်း ကျော်ကျော်တို့ နားမလည်တော့တဲ့ 'ဘိ' စကားတွေနဲ့ ဆက်ပြီး ပေါက်ပေါက် ဖောက်တယ်။

"ဝင်မှာ… ဝင်မှာ"

ဝင်းထိုက်က ဖြေလည်း ဖြေ၊ လက်ကလည်း ယန်းတသောင်းကို ဖတ်ခနဲ ဆွဲထုတ်ပေးပြီး အခန်းတခန်းထဲကို ကမန်းကတန်း ဝင်သွားတော့တယ်။

တကယ်တော့ ဝင်းထိုက်က ဝင်သာ ဝင်သွားတာ မိန်းမဆိုလို့ အငွေ့လောက်ပဲ ရှူဖူးတာ။ ဝင်းထိုက်က ဂိမ်းသမား။ စကားဆယ်ခွန်း ပြောရင် ဂိမ်းထဲက စကားက ငါးခွန်းပါတယ်။

What The Fuck တို့။ What The Hell တို့။ မြန်မာပြည်မှာ လေလွင့်နေလို့ မိဘတွေက မျက်စေ့ရှေ့ မရှိ အေးတာပဲ ဆိုပြီး ဂျပန် လွှတ်လိုက်တာ။


mgyoe.com

mgyoe.com
SAMPLE BOOK

တခါက အိုဗီနာဝါမှာ ရှိတဲ့ ဂျပန်မလေးတယောက်နဲ့ Good Night အပလီကေးရှင်းကနေ ချိတ်မိလို့ ကိုယ်က မြှောက်ပေးဖူးတယ်။ အိုဗီနာဝါက ကောင်မလေးနဲ့ တိုကျိုက ဝင်းထိုက်နဲ့ ရှီနဂါဝါမှာ တွေ့ကြတာ။

တညတာကုန်ရော။ ဘီယာလေးတဘူး ကိုင်ရင်း မတို့ရဲ၊ မထိရဲ လုပ်နေပြီး အချိန်ကုန်သွားလို့ ဂျပန်မလေးက နောက်နေ့ကစပြီး ဆယ်ပိုးနားရား သွားရော။ အဲဒီကတည်းက ဝင်းထိုက်လည်း အတွေ့အကြုံရှာမယ်ဆိုပြီး ကြိမ်းထားခဲ့တယ်။ ခုတော့ ကိုယ်က ခေါ်တာနဲ့ အံကိုက်ပဲ။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ပေ့ါလို့ တွေးရင်း ဝင်းထိုက် အခန်းထဲ ဝင်သွားခဲ့တာ။

အခန်းအပြင်မှာ ကျော်ကျော်တယောက်တည်း။ ဘာလုပ်ရမှန်း မသိဘဲ ရပ်နေမိတယ်။ ပြုံးကြည့်နေတဲ့ ဂျပန်အမျိုးသမီးကြီးကို တချက် ကြည့်လိုက်တော့ ပိုက်ဆံထုတ် ဆိုတဲ့ မျက်နှာပေးမျိုးနဲ့ ကျော်ကျော့်ကို စိုက်ကြည့်နေတယ်။

ကျော်ကျော် အကြာကြီး မစဉ်းစားတော့ဘူး။ ကျော်ကျော်ရဲ့ လက်တွေက အိတ်ကပ်ဆီကို ရောက်ရမယ့်အစား ခြေထောက်တွေကသာ လာလမ်းဆီကို ကမူးရှူးတိုး ဆင်းပြေးလာခဲ့မိတယ်။ ဆင်းပြေးလာတဲ့ လမ်းတလျှောက်


mgyoe.com

mgyoe.com SAMPLE BOOK
ကျော်ကျော့်မျက်လုံးက အခန်းထဲမှာ ကျန်ခဲ့တဲ့ နတ်သမီးလေးတွေကို မမြင်တော့ဘူး။

အရွယ်စုံ၊ အရောင်စုံ လူတွေ။

မျက်လုံးထဲမှာ ရိပ်ခနဲ ရိပ်ခနဲ ပြေးနေတယ်။

ကျော်ကျော် ရှိဘုယဘူတာကို ပြန်သွားပြီး တကဒနိဘာဘာ ဘူတာကို ပြန်ဖို့ ရထားစောင့်တယ်။ ဘူတာမှာက ရထားစောင့်နေတဲ့ ခရီးသည်တွေက အများကြီး ရှိနေကြတယ်။

'တကဒနိဘာဘာကို သွားမယ့် ရထားဟာ မကြာမီ အချိန်အတွင်း ပလက်ဖောင်း နံပါတ် ၂ ကို ဆိုက်ရောက်လာပါတော့မယ်။ အန္တရာယ် ရှိတဲ့ အတွက် အဝါရောင်စည်းရဲ့ နောက်က စောင့်ပေးကြပါ' ဆိုတဲ့ ကြေညာသံကြောင့် ကျော်ကျော် စည်းနောက်ကို အသာပြန်ဆုတ်သွားတယ်။

ကျော်ကျော့်နောက်မှာ တခြားခရီးသည်တွေကလည်း တန်းစီလို့။ တချို့ ခရီးသည်တွေက ရထားလာချိန်နဲ့ အံကိုက်ပြီး ရှေ့က လူကို ရထားရှေ့ တွန်းချတဲ့ ဖြစ်ရပ်မျိုး ခဏခဏ ကြားဖူးတယ်။ ဒါကြောင့် ဘူတာမှာ တန်းစီတော့မယ် ဆိုတာနဲ့ သတိနဲ့ စီနေရတယ်။

အားလုံးက အလုပ်နဲ့ အိမ်၊ အိမ်နဲ့ အလုပ်ကိုပဲ လွန်းထိုးသလို အချိန်ရှိသ၍ ကူးလူးဆန်ချီ လုပ်နေရတာ ဆိုတော့ လူတော်တော်များများက ဖိအားတွေ များပြီး လစ်နေကြတာ။

သိပ်မစောင့်လိုက်ရဘူး။

ရထားဆိုက်လာတာနဲ့ ကျော်ကျော် ဘာဘာ ဘူတာဘက်ကို စီးလာခဲ့တယ်။

ကျောခိုင်းလာခဲ့ပြီး BIG BOX ရှေ့က ကွက်လပ်ရောက်သည်အထိ ကျော်ကျော့်နှာခေါင်းထဲမှာ ဘိက ပါလာခဲ့တဲ့ အနံ့က စွဲထင်နေတုန်း။ မျက်လုံးထဲမှာက သူ မမြင်ချင်တာတွေကို ဝေဝေဝါးဝါး မြင်မိတုန်း။

အဲဒီထဲကမှ ထူးထူးခြားခြား မြင်မိတာက မိန်းကလေးတယောက်။ ပျော့ခွေပြီး အားအင်ကုန်ခမ်းနေတဲ့ မိန်းကလေးတယောက်။

mgyoe.com

mgyoe.com
SAMPLE BOOK

အဲဒီမိန်းကလေးက သူ့ကို အလို လောဘတွေနဲ့ ကြည့်လို့။

ငါ ဘာတွေကို မြင်နေတာလဲ။ ဒါတွေဟာ ကျန်ခဲ့ပြီပဲ။ ငါ ဘိကို ပြန်သွားချင်နေတာလား။

မဟုတ်ဘူး။
ငါ မသွားဘူး။

ကျော်ကျော် သူ့ကိုယ်သူ ပြန်မေးရင်း အာရုံတွေကို ရှင်းထုတ်။

BIG BOX ရှေ့က ကွက်လပ်ဆီ ပြန်ရောက်တော့ စီးကရက်တလိပ်ကို အလောတကြီး ဆွဲထုတ်၊ မီးညှိပြီး ကမန်းကတန်း ဖွာပစ်လိုက်တယ်။

စီးကရက်ကို မဲပြီး ဖွာနေပေမယ့် ကျော်ကျော်ရဲ့ စိတ်တွေက ကယောက်ကယက်။

လမ်းကျယ်ပေါ်က ရောင်စုံပန်းချီကားထဲကလို လွင့်နေတဲ့ သမင်ပျိုကလေးတွေဆီကို မျက်လုံးတွေကို ပို့လွှတ်ထားမိပေမယ့် စိတ်က မငြိမ်သက်။

ကွက်လပ်ထဲက အတွဲတွေကို ငေးမိတော့လည်း အာရုံက သစ်ရွက်ကြွေတွေလို လွင့်။

မြင်ကွင်းထဲမှာ မိန်းကလေးတယောက်။


mgyoe.com

mgyoe.com SAMPLE BOOK

သူ့ကိုယ်သူ ဘာမှန်း သေသေချာချာ မသိတော့တဲ့ မိန်းကလေး တယောက်။ အရိုးတွေက ငေါ်လို့။


ဆံပင်တွေက ဖွာရာကျဲလို့။ ရင်သားတွေက ပျော့လို့။ ကျော်ကျော့် အပေါ်မှာ။ ကျော်ကျော့် ဘေးမှာ။ ကျော်ကျော့် အောက်မှာ။

ကျော်ကျော် ရှန်းလို့ မရဘူး။

*


mgyoe.com

mgyoe.com
SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

(၂)

သွေးဆာနေတဲ့ မိန်းမတယောက်ရဲ့ လက်ထဲကနေ ထွက်ပြေးဖူးလား။

အဲဒီလို မေးခွန်းမျိုးကို တယောက်ယောက်ကို ကျော်ကျော် မေးချင်ခဲ့တာ။

ဒါပေမဲ့ မမေးခဲ့ဖူးဘူး။

မေးစရာလူလည်း မတွေ့ခဲ့ဖူးဘူး။

မေးပြီးရင် ဖြေလာမယ့် အဖြေကို နားထောင်မယ်။ ပြီးရင် ဒီအကြောင်းတွေကို ပြောမယ်။ ကျော်ကျော် အဲဒီလို တွေးထားခဲ့ဖူးတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ကျော်ကျော့်အဖေက ကားသမားတယောက်။ တိတိကျကျ ပြောရရင် ကုန်ကားကြီးတွေ အငှားမောင်းတဲ့ အငှားကားမောင်းသမား တယောက်။

ကျော်ကျော့်အဖေဟာ သူ့တဘဝလုံးကို ကုန်ကားပေါ်မှာပဲ ကုန်ဆုံးခဲ့တယ်။ ကားနဲ့ကုန်တွေ တင်ပြီး ကျော်ကျော်တို့ မြို့လေးကနေ ထွက်သွားမယ်။

မြို့လေးက အထွက်မှာ စောင့်နေတဲ့ ကျော်ကျော့်အမေ မဟုတ်တဲ့ တခြား မိန်းမတယောက်ကို ကားပေါ် တင်ခေါ်သွားမယ်။

တလ ကြာချင် ကြာမယ်။

နှစ်လ ကြာချင် ကြာမယ်။

ပျော်ပွဲစား ထွက်သလိုမျိုး။

ကျော်ကျော့်အဖေဟာ ကျော်ကျော့်အနားမှာ နေနိုင်တဲ့ အချိန်ရယ်လို့ သိပ်မရှိခဲ့ဘူး။ ကျော်ကျော့်အနားမှာ ဆိုတာထက် ကျော်ကျော့်အမေရဲ့ အနားမှာ ဆိုရင် ပိုမှန်တယ်။

ကျော်ကျော့်အဖေနဲ့ ကျော်ကျော့် အမေဟာ လင်မယား ဆိုတာထက် ဘာမှပိုမတော်စပ်ကြတဲ့ သူစိမ်းပြင်ပြင် နှစ်ယောက်။

ကျော်ကျော့် အဖေဟာ ခရီးတခေါက်ပြီးရင် အိမ်ပြန်လာတယ်။ ပါလာတဲ့ ငွေတချို့ ကျော်ကျော့်အမေ လက်ထဲကို ထည့်တယ်။

ပြီးရင် မူးတယ်။ ရူးတယ်။

သူ လုပ်ချင်တာတွေ လုပ်တယ်။

သူ လုပ်ချင်တာတွေ ဆိုတဲ့ အထဲမှာ ကျော်ကျော့် အမေ မကြိုက်တဲ့ အလုပ်တွေလည်း ပါတယ်။ ကျော်ကျော့်အမေဟာ ကျော်ကျော့်အဖေရဲ့ အသံတိတ်ပစ်တဲ့ ကျည်ဆန်တွေ အောက်မှာ သူ့ဘဝသူ အရှုံးပေးသွားခဲ့တယ်။ အဲဒီတုန်းက ကျော်ကျော် ကိုးတန်း။ အသိုက်ထဲက ထွက်ကျခဲ့တဲ့ တောင်ပံ မစုံသေးတဲ့ ငှက်တကောင်ဟာ ဒဏ်ရာ အလိမ်းလိမ်းနဲ့။

အဲဒီကာလတွေဟာ ဘဝရဲ့ အခက်ခဲဆုံး ကာလတွေပဲလို့ ထင်မိပေမယ့် နောက်ကျမှ သိရတာက အဲဒီအချိန်တွေဟာ မုန်တိုင်းမစခင် ကာလတွေမျှသာပဲ။


mgyoe.com

mgyoe.com SAMPLE BOOK
ကျော်ကျော် ဆယ်တန်းနှစ်ရောက်တော့ ကျော်ကျော့်အဖေဟာ သူ့ထက် အသက်နှစ်ဆယ်လောက်ငယ်တဲ့ မိန်းမတစ်ယောက်ကို ကျော်ကျော်တို့ အိမ် ခေါ်လာခဲ့တယ်။

## အသက် ငယ်တယ်။ ဖြောင့်တယ်။

## အပြုံးတွေဟာ အခိုးအငွေ့တွေနဲ့…။

အဲဒီနေ့က စပြီး ကျော်ကျော့်ဘဝဟာ လူကနေ ငရဲသား တယောက်အဖြစ် အသွင်ပြောင်းသွားခဲ့တော့တာပဲ။ အိပ်မက်ဆိုးတွေ တစိမ့်စိမ့် မက်တော့တာပဲ။

အိမ်မက်ထဲမှာ ကျော်ကျော့်အဖေ ခေါ်လာခဲ့တဲ့ မိန်းမက မီးဖိုကြီးတဖို ဖိုတယ်။ ခက်ရင်းခွ အကြီးကြီးကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်ထားတယ်။ ပါးစပ်ကလည်း ရောမ အစွယ်ကြီး နှစ်ချောင်းက ငေါထွက်လို့။ တကိုယ်လုံး ဘာအဝတ်အစားမှ မရှိ၊ ဝတ်လစ်စလစ်။ အသားစိုင်တွေဟာ ဝင်းမှည့် စိုရွှန်း။ သူဟာ ကျော်ကျော့်အဖေရဲ့ ခေါင်းကို အငမ်းမရ ဆွဲပြီး သူ့ရင်သားတွေနဲ့ ထိကပ်တယ်။ ပျော်ပါးတယ်။

ပြီးတာနဲ့ ပွက်ပွက်ဆူနေတဲ့ ရေထဲကို ခက်ရင်းကြီးနဲ့ အားရပါးရ ထိုးနှစ်တယ်။ ပြီးတော့တခါ ကျော်ကျော့်ခေါင်းကို ဆွဲ၊ ပါးစပ်ကို အတင်း ဟခိုင်းပြီး သူ့ရင်သားတွေနဲ့ အချိန်အကြာကြီး ဖိကပ်ထားတယ်။ မက်မက် စက်စက် ပျော်ပါးတယ်။ စိတ်တိုင်းကျ ကျေနပ်တော့မှ အားရပါးရ ရယ်မောပြီး ရေဆူဆူထဲကို ထိုးနှစ်တယ်။

အိပ်မက်ဆိုးတွေ ဆက်တိုက်မက်ခဲ့ပြီး နောက်မှာတော့ ကျော်ကျော် ဆယ်တန်းကျတယ်။ မရှေးမနှောင်းမှာပဲ ကျော်ကျော့်အဖေဟာ ကား အက်စီးဒင့်နဲ့ဖြစ်ပြီး အောက်ပိုင်းတပိုင်းလုံး သေသွားတယ်။ အသက်ရှူနေ သေးတာက လွဲပြီး ကမ္ဘာပေါ်မှာ ငါက လူပိုကြီးပဲလို့ ကျော်ကျော့်အဖေဟာ


mgyoe.com

mgyoe.com
SAMPLE BOOK

သူ့ကိုယ်သူ အမြဲပြောတယ်။ အဆိပ်လေးဘာလေးများ မရှိဘူးလားလို့ ကျော်ကျော့်ဆီကို ကလေးတယောက်လို ငိုယိုပြီး ပူဆာတယ်။

ကျော်ကျော့်မှာသာ အဆိပ်ရှိရင် အဖေ့ကို ထုတ်ပေးချင်လိုက်တာလို့ တွေးဖူးတယ်။

ညညဆို အိမ်အပေါ်ထပ်ကို တက်လာတဲ့ ချောက်ချားဖွယ်ရာ ခြေသံတွေ။ ကျော်ကျော့် အိပ်ရာဘေးမှာ လူတယောက် ဝင်အိပ်တဲ့ အသံတွေ။

ဒါတွေ အဖေ ကြားမှာပဲလို့ ကျော်ကျော် တွေးမိတယ်။ ဒါပေမဲ့ ကျော်ကျော် ဘာမှမတတ်နိုင်ဘူး။ မနက်မနက်ဆို ကျော်ကျော့်အဖေဆီ သွားရမယ့် မနက်စာတွေက ကျော်ကျော့်ဆီ သွားရည်တမြားမြားနဲ့ ရောက်လာခြင်းတွေ၊ ကျော်ကျော် မတောင်းဆိုရဘဲ ပိုင်ဆိုင်လိုက်ရတဲ့ အသုံးအဆောင်တွေ။ ဒါတွေ သူ့အဖေ မြင်မှာပဲလို့ ကျော်ကျော် တွေးမိတယ်။

သွေးပျက်ရတဲ့ ညတွေ၊ အမူအရာ ပျက်ယွင်းခဲ့တဲ့ နေ့တွေ။ သစ်ပင်တပင်ရဲ့ အကိုင်းအခက်တွေက မြေကြီးထဲက စထွက်လာပြီး အမြစ်တွေဟာ မိုးကုပ်စက်ဝိုင်းအောက်မှာ တဖြည်းဖြည်း ပန်းတွေ ပွင့်သလို ပွင့်လာတယ် ဆိုရင် ဘယ်သူ ယုံမှာလဲ။


mgyoe.com

mgyoe.com SAMPLE BOOK
ဒါဟာ တကယ်။

ဒါတွေကို ကျော်လွန်ဖို့ ကျော်ကျော့်အဖေဟာ ကြိုးတချောင်းရဲ့ အကူအညီနဲ့ ငရဲနဲ့ ဝေးရာကို ရွေ့သွားတယ်။ ငရဲထဲမှာ ကျန်နေတာက ကျော်ကျော် တယောက်တည်း။ အဖေနဲ့ တအိပ်ရာတည်း အိပ်ခဲ့ဖူးတဲ့ မိန်းမတယောက်ဟာ သားနဲ့ တအိပ်ရာတည်း အိပ်လာတော့လည်း ကမ္ဘာကြီးက ပုံမှန်လည်နေတာပဲ။ ငှက်တွေဟာ ဆိုလက်စ တေးသီချင်းကို သာယာနာပျော်ဖွယ် ဆက်ဆိုနေကြတာပဲ။ ဘုရားသခင်ဟာ ဒါကို မသိချင်ယောင် ဆောင်နေခဲ့သလား။

လေဟာနယ်ဆိုတာ ဘာမှန်း မသိသေးတဲ့ ငှက်တကောင်ဟာ အသားစားကြူးတဲ့ မုဆိုးတယောက်ကြောင့် တောင်ပံတဖက် ကျိုးခဲ့ရ။ ငယ်ဘဝရဲ့ ဖုန်းဆိုးနဲ့ တသင်းသင်း နေ့ရက်တွေဟာ အစမွှမြောက်စွာ ကုန်ဆုံးခဲ့ရ။

တနေ့ကို သွေးတပုလင်း အဖောက်ခံနေရတဲ့ လူမမာလို ကျော်ကျော့် ခန္ဓာကိုယ်ဟာ ပိန်လှီဖျော့တော့လာ။ သွေးကြောတွေ ထင်းလာ။ ကျန်တဲ့ တောင်ပံတဖက်နဲ့ ချိတ်မိသလောက် ပျံသန်းလာမိတော့ ကျော်ကျော်ရောက်တဲ့ ကျွန်းက ဒုတိယမြောက် ငရဲရှိနေတဲ့ အရပ်။

ဂျပန်။


mgyoe.com